ကော့ကပ်ကလေးကျေးရွာ

ကော့ကပ်ကလေးအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကော့ကပ်ကလေးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ကော့ကပ်ကလေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | ကော့ကပ်ကလေးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| | (ဇ) ကျား – မ ရေးရာ | ၁၂ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၃ |
| နောက်ဆက်တွဲများ | | |
| နောက်ဆက်တွဲ(၁) – | ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၄ |
| နောက်ဆက်တွဲ(၂) – | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကော့ကပ်ကလေးကျေးရွာ
ဇလွန်မြို့နယ်


# ကော့ကပ်ကလေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်




ရက်စွဲ၊ ၉.၇.၂၀၁၈

ရေးဆွဲသူ– ဦးသန်းထိုက်

# ကော့ကပ်ကလေးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



ကော့ကပ်ကလေးကျေးရွာ၊ ရာသီခွင်ပြက္ခဒိန်

| စဉ် | အဖြစ်အပျက် | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | အလွန်ပူ | ပူပြင်း | မိုးရွာ | မိုးများ | မိုးများ/ရေကြီး | မိုးရွာ/နေပူ | မိုးနည်း | မိုးရွာ/နေပူ | နေသာ/နှင်းကျ | နေသာ/နှင်းကျ | အလွန်ပူ | အလွန်ပူ |
| ၂။ | စိုက်ပျိုးရေး(လယ်ယာ) | နွေစပါး ရိတ် | နွေစပါး ရိတ် | မိုးစပါး ထယ်ထိုး ပျိုးကြဲ | မိုးစပါး စိုက် | ပေါင်းသင်၊ အစာကျွေး | စပါး ဖုန်းတုန်း | စပါးရိတ် ပဲကျဲ | ပဲကျဲ | ပဲဆေးဖြန်း နွေစပါး ထယ်ထိုး | နွေစပါး ကျဲ/စိုက် | အစာကျွေး ရေတင် ဆေးဖြန်း | ပဲရိတ် နွေစပါးစိုက် |
| ၃။ | ရောဂါ | အပူဖျား | - | - | ဝမ်းလျှော | သွေးလွန် တုပ်ကွေး | - | - | - | - | - | - | အပူငှက်ဖျား |
| ၄။ | အလုပ်အကိုင် | ပေါများ | ပေါများ | အနည်းငယ် ရှား | အသင့် အတင့် | အနည်းငယ် ရှား | အလွန်ရှား | အနည်းငယ် ရှား | အနည်း ငယ်ရှား | အသင့် အတင့် | အသင့် အတင့် | အလွန်ကောင်း | အလွန်ကောင်း |
| ၅။ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေ သွန်းပွဲ | - | ဝါဆို သင်္ကန်း ကပ်ပွဲ | - | လှေပြိုင်ပွဲ | မီးထွန်းပွဲ၊ သက်ကြီး ပူဇော်ပွဲ | ကထိန်ပွဲ | - | - | ထမနဲပွဲ | ဘုရားပွဲ |
| ၆။ | ဝင်ငွေ/ထွက်ငွေ | ooo / ooooo | ooo / ooooo | oooo / oooo | ooo / ooooo | ooo / ooooo | ooo / ooo | oooo / oooo | ooo / ooo | ooo / ooooo | ooo / ooooo | oooooo / oooo | oooooooo / ooooo |
| ၇။ | မွေးမြူရေး | ငါးပေါက် စတင်မွေး | - | - | - | - | ငါးသား ထုတ် | - | - | - | - | အင်းမှ ငါးဖမ်း | - |
| ၈။ | စိုက်ပျိုးရေး(ခြံ) | ရာသီပင် စိုက်ပျိုး | ငှက်ပျော စိုက်ပျိုး | ရာသီပင်+ ငှက်ပျော စိုက်ပျိုး | ပေါင်းနုတ် အစာကျွေး | - | ရာသီပင်+ ကွမ်း စိုက် | ရာသီပင် စိုက်ပျိုး | - | - | - | - | ငှက်ပျော ရေတင် |

ရက်စွဲ၊ ၉.၇.၂၀၁၈

ရေးဆွဲသူ– ဦးသက်ဦး

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

ကော့ကပ်ကလေးအုပ်စု၊ ကော့ကပ်ကလေးကျေးရွာသည် ဇလွန်-ရားခဲလမ်းမကြီး၏ဘေး တွင် တည်ရှိပြီး ဇလွန်မြို့နှင့် ရားခဲမြို့နယ်တို့ကို သွားလာရေးလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်သော်လည်း ရေမြေပ်ကွင်းများသောဒေသလည်းဖြစ်ပါသည်။ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)လက်မအထက်ရှိပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုး ရေးကို မိုးရေဖြင့်လုံလောက်ပါသည်။ လယ်ယာမြေသည် မိုးစပါး၊ နွေစပါးနှင့် မတ်ပဲတို့ကို စိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာလည်းဖြစ်ပါသည်။

## ၃။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကော့ကပ်ကလေးကျေးရွာသည် လယ်သမားများအတွက် မိုးစပါးကို မိုးရေနှင့်လည်းကောင်း၊ နွေစပါးကို စက်တပ်တွင်းများမှရေထုပ်ယူ၍လည်းကောင်း စိုက်ပျိုးအောင်မြင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေနှင့် မြေဆီလွှာတို့သည်လည်း အသင့်အတင့်ရှိပါသည်။ မိုးစပါးစိုက်ဧက(၅၅၇)ဧကနှင့် နွေစပါးစိုက်ဧက(၁၈၅)ဧကခန့်ရှိပါသည်။ မိုးစပါးရိတ်သိမ်းပြီးပါက နွေစပါးနှင့်မတ်ပဲတို့ကို အဓိက စိုက်ပျိုးပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေ(၁၉.၃၂)ဧကခန့်ရှိပြီး ကွမ်းနှင့်အခြားရာသီပင်သီးနှံများ ကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် တိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမရှိခြင်းနှင့် သဘာဝ တွင်းထွက်သယံဇာတပစ္စည်းထွက်ရှိမှုများလည်း မရှိပါ။ နွားစာအတွက် လယ်ကန်သင်းများတွင် သာ အလွယ်တကူရရှိနိုင်ပြီး သီးသန့်စားကျက်မြေဟူ၍ မရှိတော့ပါ။ ဆေးဖက်ဝင်အပင်များအဖြစ် သာမန်တွေ့ရှိရသော အပင်များသာရှိပါသည်။

## ၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကော့ကပ်ကလေးကျေးရွာတွင် သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှု ရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ ဗုဒ္ဓဘာသာဓမ္မာရုံ(၁) ကျောင်းနှင့် ဘုရားစေတီပုထိုးများလည်းရှိပါသည်။ ကျေးရွာတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ကျေးရွာအတွင်းမှ ထည့်ဝင်ငွေများနှင့် အလှူရှင်များပူးပေါင်းပြီး ကျေးရွာ လမ်း ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာလမ်းကောင်းမွန်ပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး အစရှိသည်တို့မှာ အဘက်ဘက်မှ တိုးတက် ပြောင်းလဲမှုများဖြစ်လာနိုင်မည်မှာ ကေန်ပင်ဖြစ်ပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကော့ကပ်ကလေးကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် သင်ဖျာယက်လုပ်ခြင်းလုပ်ငန်းများဖြစ်ကြပါသည်။ ပန်းရံ၊ လက်သမားများ စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။ ဆိုင်ကယ်ကယ်ရီ ပို့ဆောင်ခြင်း၊ ခေါင်းရွက်ဗြတ်ထိုးဈေးသည်၊ သင်ဖျာငှားရမ်းယက်လုပ်သူများနှင့် အစိုးရဝန်ထမ်း အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။

စိုက်ပျိုးရေးတွင် မိုးစပါး(၁)ဧကပျမ်းမျှအထွက်နှုန်းမှာ (၇၀)တင်း၊ ဆောင်းစပါး(၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၁၀၀)တင်းနှင့် မတ်ပဲ(၁)ဧကအထွက်နှုန်း(၈)တင်းတို့ထွက်ရှိပါသည်။ စိုက် ပျိုးရေးလုပ်ကိုင်ရန်အတွက် မိုးရာသီတွင်မိုးရေနှင့် ဆောင်းရာသီတွင် တုံကင်တွင်းများမှ ရေကိုသာ

အားထား၍ သုံးစွဲရပါသည်။ အနိမ့်ကွင်းဒေသများဖြစ်သည့်အားလျော်စွာ မိုးစပါးနှင့်မတ်ပဲ စိုက်ပျိုးသူအချို့တို့သည်လည်း သင့်တင့်သောထွက်နှုန်းများရရှိကြပြီး ဆောင်းစပါးစိုက်ပျိုးသူအများစု မှာ အထွက်နှုန်းကောင်းမွန်ပါသည်။ ငါးကန်နှင့် ငါးမွေးမြူရေးလုပ်ငန်းတစ်ချို့ရှိသော်လည်း စီးပွားဖြစ်ဝင်ငွေရအနေဖြင့် မွေးမြူခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် ကာမိရုံမွေးမြူခြင်းဖြစ်ပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။

၈

## (ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ကော့ကပ်ကလေးကျေးရွာတွင် (၁၀၀'x၅၀') အကျယ်အဝန်းရှိသော ဂုန်လျှော်ဂိုဒေါင်တစ်လုံးရှိပါသည်။ လက်ရှိအချိန်တွင် ဂုန်လျှော်စီမံကိန်းမရှိတော့သဖြင့် ထိုဂိုဒေါင်ကို ကျေးရွာအတွက် သင့်လျော်သောအသုံးချမှုနှင့် ကျေးရွာပိုင်အဆောက်အဦဖြစ်နိုင်ရန် ရွာသူရွာသားများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်နေပါသည်။

ကော့ကပ်ကလေးကျေးရွာသည် ဇလွန်မြို့နယ်နှင့် ရှားခဲတိုက်နယ်တို့အကြားတွင် တည်ရှိပြီး ဇလွန်မြို့နှင့် (၈)မိုင်၊ ရှားခဲနှင့်(၈)မိုင်ကွာဝေးပါသည်။ ရွာအဝင်လမ်းသည် ကျောက်ချောလမ်း ဖြစ်၍ ရွာလယ်လမ်းမကြီးမှာ (၆၅၀၀ပေ)ကွန်ကရစ်အမျိုးအစားဖြစ်ပါသည်။ ရွာလယ်လမ်းမသည် နှစ်ပိုင်းဖြစ်၍ တစ်ပိုင်းမှာ ပေ(၁၀၀၀)ခန့်ရှိပြီး အလှူရှင်ကောင်းမှုဖြင့် အုတ်စီခင်းထားသော လမ်းပိုင်းဖြစ်ပါသည်။ ကျန်တစ်ပိုင်းမှာ (၆၅၀၀ပေ)ခန့်ရှိ၍ ၂၀၁၆-၂၀၁၇ခုတွင် ကျေးလက်ဦးစီးဌာနမှ ထောက်ပံ့မှုနှင့် ရွာသူရွာသားတို့၏ထည့်ဝင်ငွေဖြင့် ပေါင်းစပ်ကာ ဆောက်လုပ်ထားသော ကွန်ကရစ်လမ်းပိုင်းဖြစ်ပါသည်။ သို့သော် လမ်း၏ ထုထည်ပမာဏမှာ (၂လက်မ)သာ လုပ်နိုင်ခဲ့ခြင်းကြောင့် ယခုအခါတွင် ပေါက်ပြဲပျက်စီးမှုများဖြစ်ပေါ်နေပါ၍ အသစ်ပြန်လည်ခင်းနိုင်ရန်ကိုလည်း ရွာသူရွာသားများနှင့်ရပ်မိရပ်ဖတို့မှတိုင်ပင်လျက်ရှိပါသည်။ အရှည်ပေ(၆၅၀၀)အနက် (၂၀၀၀'x၉'x၄") အတိုင်းအတာဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လိုသည်။ **ကော့ကပ်ကလေး၊ ကော့ကပ်ကြီး ကျေးရွာချင်းဆက်လမ်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ်က အစိုးရမှ ပေးသော ကျပ်သိန်း (၁၈၀)နှင့်အလှူရှင်များစုပေါင်းပြီး ကျောက်ချော လမ်းကိုခင်းထားကြောင်း၊ လမ်းမှာအဆင်ပြေကြောင်း တွေ့ရှိရပါသည်။**

ကျေးရွာတွင် ကားကူးကွန်ကရစ်တံတား(၂)စင်းနှင့် လူကူးကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ ပထမကားကူးကွန်ကရစ်တံတားမှာ (ကေသီပန်တံတား)ဟူ၍ အမည်တွင်ပါသည်။ ကေသီပန်ဦးလှမြင့်၏ မတည်အလှူငွေဖြင့် ကျေးရွာမှ အတော်အသင့်ကျွမ်းကျင်မှုရှိသော လုပ်သားများ ပေါင်းစပ်ကာ ဆောက်လုပ်ထားသောတံတားဖြစ်ပါသည်။ တံတားမှာ ပေအရှည်(၁၀၀ပေ)နှင့် အကျယ်(၁၄ပေ)ရှိကာ တံတားတစ်ဘက်စီ၏ချဉ်းကပ်လမ်းမှာ (၅၀ပေ)ရှိပါသည်။ ထိုတံတားသည် ကော့ကပ်ကလေးရွာနှင့် ကော့ကပ်ကြီးရွာ၊ ဝါးပတောရွာတို့နှင့် ရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး အ.ထ.ကကော့ကပ်ကြီးကျောင်းသို့သွားရာလမ်းပေါ်တွင် ကော့ကပ်ချောင်းကိုဖြတ်ဖောက်ထားသော ကွန်ကရစ်တံတားတစ်စင်းလည်းဖြစ်ပါသည်။ ယခုအခါတွင် ထိုတံတားမှာ ကျွမ်းကျင်ပညာရှင်များဆောက်လုပ်ထားသောတံတားမဟုတ်ခြင်းကြောင့် တံတားအလယ်ကျောနိမ့်ကျသွားခြင်း၊

နှစ်ဘက်စလုံးချဉ်းကပ်နားရွက်များပြိုကျပျက်စီးခြင်းတို့နှင့် ကြုံတွေ့နေရပါသောကြောင့် ကား၊ ထော်လာဂျီ၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ စက်ဘီးနှင့် ကျောင်းသူကျောင်းသားများသွားလာရေးတွင် အန္တရာယ်ရှိနိုင်သောအခြေအနေထိရောက်ရှိနေသည်ကိုတွေ့ရှိရပါသည်။ ဒုတိယကားကူးကွန်ကရစ်တံတားတစ်စင်းမှာ အောင်စိုးမိုးတံတားဟုအမည်တွင်ပါသည်။ ထိုတံတားသည် ခဲပေါင်ရွာနှင့် ကော့ကပ်ကလေးအနောက်ဘက်ခြမ်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ရွာချင်းဆက်ကျောက်ချောလမ်းပေါ်တွင် ကော့ကပ်ချောင်းကိုဖြတ်၍ ဖောက်လုပ်ထားသောတံတားတစ်စင်းဖြစ်ပါသည်။ ထိုတံတားသည် (၁၅၀ပေ)ရှည်၍ (၁၄ပေ)အကျယ်ရှိပြီး ကြံ့ခိုင်မှုနှင့်ပြည့်စုံသောကြောင့် သွားလာရေးတွင်အစဉ်ပြေမှုရှိလှပါသည်။ တတိယလူကူးကွန်ကရစ်တံတားတစ်စင်းမှာ ကော့ကပ်ရွာမှ မဟာသာ၊ တံခွန်တိုင်နှင့် ပတ်တန်းကျေးရွာများသို့ သွားနိုင်သော ရွာချင်းဆက်လမ်းပေါ်တွင်



ချောင်းကိုဖြတ်ကာလူထုအင်အားနှင့်ဆောက်လုပ်ထားသောတံတားတစ်စင်းဖြစ်ပါသည်။ ထိုတံတားမှာ အရှည်(၂၁၀ပေ)နှင့် အကျယ်(၃ပေ)သာရှိပါသည်။ ၄င်းတံတားကို ကားကူးတံတားအဖြစ်ပြောင်းလဲနိုင်ပါက ရာသီမရွေးသွားလာနိုင်သော အဓိကကုန်ထုတ်လမ်းအဖြစ် အသုံးပြုသွားနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။

ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ဇလွန်စျေးနှင့် ရှားခဲစျေးတို့ကို လွယ်ကူစွာလက်လှမ်းမီကြပြီး ဆိုင်ကယ်၊ လိုင်းကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် အခြားသောယာဉ်များပါသွားလာကြပါသည်။ ကျေးရွာတွင် ချောင်းရှိ၍ မော်တော်၊ ဂျွန်စင်နှင့် အခြားစက်တပ်ယာဉ်တို့ဖြင့် အထက်ဘက်တွင် မဟာသာ၊ အိုင်ဆယ်၊ ပျဉ်းမကုန်းနယ်ဘက်အထိလည်းကောင်း၊ တောင်ဘက်တွင် နဲ့ကြီး၊ ရှားခဲနှင့် ပန်းတနော်မြစ်ပေါက်အထိရောက်အောင် မိုးတွင်းအခါ သွားလာနိုင်ပါသည်။ မဟာဓါတ်အားလိုင်းမရရှိသေးသောကြောင့် ဆိုလာနှင့်ဘက်ထရီအိုးတို့ကိုသာ အဓိကထား၍ မီးလင်းရေးအတွက် အသုံးပြုကြပါသည်။ အချို့အိမ်ထောင်စုများမှာ ရေနံဆီမီးခွက်နှင့် ဖယောင်းတိုင်တို့အသုံးပြုကြပါသည်။ မဟာဓါတ်အားလိုင်းရရှိရေးအတွက် ကျေးရွာတစ်ရွာလုံးမှ ငွေအား၊လူအားတို့နှင့် အင်တိုက်အားတိုက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

ဇလွန်မြို့နှင့်နီးခြင်း၊ ရွာအနောက်ဘက်ကမ်းတွင်MPTဖုန်းတာဝါတိုင်ရှိခြင်းကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး အင်တာနက်သုံးစွဲမှုလည်းအဆင်ပြေမှုရှိပါသည်။ အကြောင်းတစ်စုံတစ်ရာရှိပါကလည်း ဇလွန်မြို့နှင့် ဆက်သွယ်သွားလာရေးနီးသောကြောင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကူညီမှုများလည်း ရယူနိုင်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကော့ကပ်ကလေးကျေးရွာတွင် လယ်သမားအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏လေးပုံတစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်နှုန်း)နှင့်

UNDP ချေးငွေ(အတိုးနှုန်း၂.၅ကျပ်နှုန်း)တို့ဖြင့် စားဝတ်နေရေး၊ တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူသုံးစွဲကြောင်း တွေ့ရပါသည်။ လေ့လာဆန်းစစ်ချက်များအရ ဆင်းရဲသောအိမ်ထောင်စုများအတွက် အကြွေးတင်ရှိမှုအနည်းငယ်ရှိကြောင်း တွေ့ရပါသည်။

**(င) ပညာရေး**

ကော့ကပ်ကလေးကျေးရွာ ရွာအဝင်ရွာဦးရွာထိပ်၌ (၈၀'x၃၀')တစ်ထပ်တိုက် မူလတန်းကျောင်းဆောင်သည် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းကျောင်းဆောင်ဖြစ်ပြီး ၂၀၀၇ခုနှစ်တွင် ကော့ကပ်ကလေးရွာမှ မတည်အလှူရှင်များနှင့် ရွာသူရွာသားများပေါင်းစုကာ ဆောက်လုပ်ထားပါသည်။ နိုင်ငံတော်၏ပံ့ပိုးမှုအနည်းငယ်သာရရှိသောကျောင်းလည်းဖြစ်ပါသည်။ ယခုအချိန်တွင် ကျောင်းဆောင်၏အပေါ်ပိုင်း၌ တည်ဆောက်ထားသောသစ်များ ပျက်စီးကျိုးပဲ့ခြင်းနှင့် အမိုးသွပ်များပေါက်ပြဲ၍ မိုးယိုမှုများလည်း တွေ့ကြုံနေရပါသည်။ ကျောင်းအိမ်သာသည် တိုက်ခန်းနှစ်ခန်းတွဲ(၂) လုံးဖြစ်၍ ကျောင်းသားကျောင်းသူနှင့် ဆရာ၊ဆရာမတို့အတွက် လုံလောက်မှုရှိပါသည်။ ဆရာ



အင်အားအနေဖြင့် ကျောင်းဆရာ(၁)ဦး၊ ကျောင်းဆရာမ(၃)ဦး၊ စုစုပေါင်း(၄)ဦးသာ ရှိ၍ ဆရာနှင့်တပည့်အချိုးကိုက်ညီမှုမရှိသည်ကိုလည်းတွေ့ရှိရပါသည်။ ကျောင်းသားဦးရေမှာ KGမှ ၄တန်းအထိ

ကျား(၅၀)ယောက်နှင့် မ(၆၅)ယောက်၊ စုစုပေါင်း(၁၁၅)ယောက်ရှိပါသည်။သန့်ရှင်း သောသောက်သုံးရေအတွက် ရေဝါကင်းသော တွင်းနက်အဝီစိတွင်းများ၊ ကျောင်းသားကျောင်းသူများ စိတ်ပျော်ရွှင်ကြည်နူးစေမည့် ကျောင်းဝန်းတွင်းတွင် ပန်းမန်သစ်ပင်များ စိုက်ပျိုးထားရန်လိုအပ်ပါသည်။

ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်း၊ ရပ်မိရပ်ဖ အသင်း၊ ကျောင်းကော်မတီအသင်းများနှင့် ရွာသူရွာသားများပူးပေါင်း၍ ကျောင်းတိုးတက်ရေးလုပ်ငန်းများကို အတူတကွ လုပ်ဆောင်ကြပါသည်။ စာတတ်မြောက်မှုနှုန်း များပြားလာစေရန် ကျေးရွာရှိအိမ်ထောင်စုများ၏ဝင်ငွေနှင့်စီးပွားရေးတိုးတက်မှုများပေါ်တွင် မူတည်နေပါသည်။ ကျောင်းသားဦးရေများပြားပြီး ကျောင်းဆောင်ကျဉ်းသောကြောင့် တိုးချဲ့ကျောင်းဆောင်များလိုအပ်သည်ကိုလည်း တွေ့ရှိရပါသည်။

ကော့ကပ်ကလေးအလယ်ပိုင်းတွင်ရှိသော (၆၀'x၃၀')တစ်ထပ်တိုက်ကျောင်းဆောင်သည် ၂၀၁၃ခုနှစ်တွင် နိုင်ငံတော်၏ပံ့ပိုးမှုနှင့်ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်ကာနှင့် ကွန်ကရစ်ခင်းကျောင်းဆောင်ဖြစ်ပါသည်။ သို့ရာတွင် နှစ်စဉ်ကျောင်းသားကျောင်းသူဦးရေ ထပ်မံတိုးပွားလာသောကြောင့် စာရေးခုံ၊ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင် ပုန်းကြီး၊ ဘီရိုနှင့် သင်ထောက်ကူပစ္စည်းများလည်း ထပ်မံဖြည့်တင်းရန်လိုအပ်ပါသည်။ ကျောင်းအိမ်သာ၊ ကျောင်းခြံစည်းရိုးနှင့် သောက်သုံးရေအတွက်တုံကင်မရှိခြင်းတို့ကြောင့် လိုအပ်မှုများအများအပြား ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ ဆရာအင်အားအနေဖြင့် ကျောင်းဆရာမ(၅)ဦးရှိသောကြောင့် ဆရာနှင့်ကျောင်းသားအချိုးညီပါသည်။ ကျောင်းသားဦးရေမှာ ကျား(၂၀)ဦး၊ မ(၃၁)ဦး၊ ပေါင်း(၅၁) ဦးရှိပါသည်။

ကော့ကပ်ကလေးကျေးရွာ၏ကျောင်းတက်နှုန်းမှာ မူလတန်းပညာရေးတွင် ကျား(၆၆)ဦး၊ မ(၅၇)ဦး၊ ပေါင်း(၁၂၃)ဦး၊ အ လယ်တန်းပညာရေးတွင် ကျား(၆၁)ဦး၊ မ(၇၁)ဦး၊ ပေါင်း(၁၃၂)ဦး၊ အထက်တန်းပညာရေးတွင် ကျား(၁၈)ဦး၊ မ(၃၇)ဦး၊ ပေါင်း(၅၅)ဦးနှင့် တက္ကသိုလ်ကောလိပ်ပညာရေးတွင် ကျား(၁၂)ဦး၊ မ(၂၅)ဦး၊ ပေါင်း(၃၇)ဦးရှိပါသည်။ ကျေးရွာတွင် ရွာခံကျောင်းဆရာ(၃)ဦး၊ ကျောင်းဆရာမ(၁၂)ဦးနှင့် အခြားဒေသတွင်သွားရောက်ထမ်းဆောင်နေသော ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်း(၅)ဦးရှိပါသည်။ ပန်းရံ၊ လက်သမား၊ တောင်းခြင်းယက်လုပ်သူနှင့်သင်ဖျာယက်လုပ်ခြင်းများလည်းရှိပါသည်။ လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါးဆဲဖြစ်ပါသည်။

**(စ)ကျန်းမာရေး**

ကော့ကပ်ကလေးကျေးရွာရှိ ကျန်းမာရေးကဏ္ဍတွင် တီဘီရောဂါဖြစ်ပွားသူ အိမ်ထောင်စု(၂)စုရှိသော်လည်း အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုနိမ့်ကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် ကျောင်းမနေသူ မွေးရာပါအရိုးပျော့ရောဂါသည်မ(၁)ဦးနှင့် ခြေလက်မသန်စွမ်းသူ ကျား(၁)ဦးရှိပါသည်။ ထိုသူများအတွက် ကျေးရွာမှ(ဝါ)အဖွဲ့အစည်းမှ သီးသန့်ထောက်ပံ့ရေးအစီအစဉ်မျိုးမရှိကြောင်း တွေ့ရပါသည်။ ကျေးရွာရှိ ကိုယ်ဝန် ဆောင်နှင့် (၂)နှစ်အောက်ကလေးရှိသော အိမ်ထောင်စု(၅၀)စုကို ဦးတည်ပြီး Helen Kaller International (NGOအဖွဲ့အစည်း)မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးလုပ်ငန်းများကို လာရောက်ပြီးဆောင်ရွက်ပေးပါသည်။ ကလေးများအာဟာရဓါတ်အတွက် organic ပါဝင်သော စိုက်ပျိုးရေးမျိုးစိတ်များ၊ ဖြန်းဆေးများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ(ဥပမာ-ရေထမ်းပုံး၊ ဇာစိမ်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရန်အတွက် ကြက်နှင့်



ဘဲ)တို့အား ဝန်ဆောင်မှုပေးပါသည်။ တစ်လလျှင် (၂)ကြိမ်ခန့် ကျန်းမာရေးအတွက် ပေါင်ချိန်ခြင်းများပြုလုပ်ကာ လိုအပ်ချက်များရှိပါက ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုများ ပြုလုပ်၍ လိုအပ်သည်များအား မှာကြားပြီး ကျန်းမာရေးဝန်ဆောင်မှုများ ပေးပါသည်။

ကျေးရွာတွင် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကို အာဟာရတိုက်ကျွေးမှုမှာလည်း ရွာမှအလှူရှင်များ၊ ကျောင်းသားမိဘများ၊ ဆရာ/ဆရာမများ၊ အလှူရှင်ရှိပါကလည်း အာဟာရတိုက်ကျွေးမှုများရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်၊ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအုပ်စုအတွင်း၌ ကော့ကပ်တိုက်နယ်ဆေးရုံအား လွယ်ကူစွာသွားရောက်ကုသနိုင်သည်။ ကျေးရွာတွင် ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ကော့ကပ်ကလေးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကော့ကပ်ကလေးတိုက်နယ်ပြည်သူ့ဆေးရုံကြီးများရှိကြသော်လည်း နိုင်ငံတော်မှ ထောက်ပံ့ဆေးဝါးများ၊ ဆေးရုံအတွက် လိုအပ်သောစက်ကရိယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများလိုအပ်မှုအစရှိသော လိုအပ်ချက်များ ရှိနေပါသေးသည်။

ကျေးရွာတွင် ကိုယ်ပိုင်တုံကင်တွင်းရေကို အများဆုံးအသုံးပြုကြပြီး တုံကင်တွင်းမရှိသော သူများသည် နီးစပ်ရာအိမ်နီးချင်းတုံကင်တွင်းမှလည်းကောင်း၊ မိုးရာသီတွင် မိုးရေကို သိုလှောင်ထားခြင်းနှင့် ရန်ဖန်ရန်ခါ ချောင်းရေတို့ကို သုံးစွဲရပါသည်။ သို့သော် ကော့ကပ်ကလေးကျေးရွာအတွင်းရှိ တုံကင်တွင်းတစ်ချို့မှာ ရေဝါထွက်ရှိမှုများရှိသဖြင့် အကွက်ကျစက်ရေတွင်းများတူးပေး၍ သန့်ရှင်းရေရယူလိုမှုဆန္ဒများလည်းရှိနေကြပါသည်။

ကျေးရွာတစ်ရွာလုံး ရေလောင်းယင်လုံအိမ်သာများကိုသာ သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဆိုးများ နည်းပါးလှပါသည်။ စာသင်ကျောင်းများတွင်လည်း စနစ်တကျတည်ဆောက်ထားသော အိမ်သာများရှိမှုကြောင့် ကျောင်းသားကျောင်းသူများအတွက် အသုံးပြုရန် လွယ်ကူအစဉ်ပြေမှုရှိပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကော့ကပ်ကလေးကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ မတ်ပဲနှင့် ဥယျာဉ်ခြံမြေတို့ရှိ စိုက်ပျိုးပင်များတွင် ဖျက်ပိုးအစုံတို့ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားကာ မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ ပိုမိုသုံးစွဲကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပိုင်းတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံနှင့် ပိုးသတ်ဆေးဗူးခွံ အစရှိသည်တို့ကို စနစ်တကျ စွန့်ပစ်ခြင်းမရှိကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ဤကျေးရွာသည် ကုန်းတွင်းပိုင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းအန္တရာယ်နည်းပါးသော်လည်း အနိမ့်ကွင်းများသောဒေသဖြစ်သောကြောင့် ရေကြီးရေလျှံမိုးမှုအန္တရာယ်ကိုတော့ နှစ်စဉ်လိုလို ကြုံတွေ့ရတတ်ပါသည်။



**(ဇ)ကျား – မ ရေးရာ**

ကော့ကပ်ကလေးကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုများ၊ အခွဲမမှု၊ ခွဲခြားဆက်ဆံမှုစသည့်ကိစ္စများ မတွေ့ရပါ။ ကျားမလုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ လုပ်အားခနှုန်းထားကွာခြားမှုရှိသည်။ အမျိုးသားများတစ်နေ့တာလုပ်အားခနှုန်းထား(၅၀၀၀ကျပ်)၊ အမျိုးသမီးများမှာ တစ်နေ့တာလုပ်အားခ (၃၀၀၀ကျပ်)ရကြသည်။ ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းများတွင်အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးရကြပါသည်။

## ၅။ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *လမ်းပန်းဆက်သွယ်ရေး* | | | | | |
| | ၁။ ကျေးရွာ ရွာလယ်လမ်းကွန်ကရစ် ခင်းခြင်း | ၉၆ | ၁ | **–ကျေးရွာ ရွာလယ်လမ်းအရှည်ပေ(၂၀၀၀'x၉'x၄") ကွန်ကရစ်ခင်းခြင်း** | ကျေးလက်ဦးစီး |
| *ကျန်းမာသန့်ရှင်းရေး* | | | | | |
| | ၂။လက်နှိပ်တုံကင်တွင်းများချထားပေးခြင်း | ၈၃ | ၂ | –လက်နှိပ်တုံကင်တွင်းများ လိုအပ်မှုရှိသောကြောင့် ချထားဆောင်ရွက်ပေးခြင်း | ကျေးလက်ဦးစီး |
| *မီးလင်းရေး* | | | | | |
| | ၃။ မဟာဓါတ်အားလိုင်းဖြင့်ကျေးရွာမီးလင်းရေး | ၈၁ | ၃ | – ကျေးရွာတစ်ရွာလုံးမဟာဓါတ်အားလိုင်းဖြင့်ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | လျှပ်စစ် |
| **အဆောက်အဦ** | | | | | |
| | ၄။ ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၇၈ | ၄ | – လူငယ်များစာပေဗဟုသုတတိုးပွားစေရန်ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ကျေးလက်ဦးစီး |

## ကော့ကပ်ကလေးအုပ်စု၊ ကော့ကပ်ကလေးကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ ကျန်းမာရေး ဘက်စုံဖွံ့ဖြိုးမှု နှောင့်နှေးနေခြင်း | • ကျေးရွာရွာလယ်လမ်းမှာ ယဉ်များ အသုံးပြုနိုင်မှုမရှိခြင်း | • ကျေးရွာသူကျေးရွာသားများလုပ်အားပံ့ပိုးနိုင်ခြင်း<br>• ငွေအားထည့်ဝင်ပံ့ပိုးမှုရှိခြင်း | • ကျေးရွာတွင်း လမ်းအားကုန်ထုတ်လုပ်မှု အတွက်အဆင့်မီသောလမ်းဖြစ်လ ာ ရန်ငွေအားစိုက်ထုတ်နိုင်မှု မလုံလောက်ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း | • အဆိုပြုတင်ပြထားသော ကော့ကပ်ကလေးရွာလယ်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း |
| ၂ | **ကျန်းမာသန့်ရှင်းရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှုမရှိခြင်း | • ရေဝါများထွက်ရှိခြင်း<br>• လက်နှိပ်တုံကင်တွင်း များနည်းပါးခြင်း | • တွင်းတူးရန် မြေနေရာများစွာ ရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးလက်ဦးစီးဌာန၊ ရေ အရင်းအမြစ်ဦးစီးဌာန တို့အားတင်ပြတောင်းခံ ခြင်း | • လက်နှိပ်တုံကင်တွင်းများ ချထားပေးစေခြင်း |
| ၃ | **မီးလင်းရေး** | | | | | |
| | • လျှပ်စစ်မီးမရရှိခြင်း | • ငွေကြေးပမာဏနည်း ပါးခြင်း | • ကျေးရွာမှ ထည့် ဝင်ငွေအသင့် အတင့်ရှိခြင်း | • ကျေးရွာမှလက်ရှိ စုဆောင်းထားငွေ ဖြင့်မလုံလောက် ခြင်း | • သက်ဆိုင်ရာလျှပ်စစ် ဦးစီး ဌာနနှင့်ကျေးလက် ဦးစီးဌာနတို့အားတင်ပြ တောင်းခံခြင်း | • မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေး လုပ်ငန်း ဆောင်ရွက်ခြင်း |
| ၄ | **အဆောက်အဦ** | | | | | |
| | • စာပေဗဟုသုတ အားနည်းခြင်း | • စာပေလေ့လာရန် နေရာ အတည်တကျ မရှိခြင်း<br>• စာအုပ်စာပေများ လက်လှမ်းမမီခြင်း | • မြေနေရာပေး နိုင် ခြင်း | • ရန်ပုံငွေအားနည်း ၍မလုံလောက် ခြင်း | • သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ အလှူရှင် တို့နှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း | • စာကြည့်တိုက်တည် ဆောက်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၂ | ၂၁ | ၅၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၆ | ၅၇ | ၁၂၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၁ | ၇၁ | ၁၃၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၀၉ | ၄၄၇ | ၈၅၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၆ | ၄၉ | ၈၅ |
| **စုစုပေါင်း** | | **၆၁၀** | **၆၅၀** | **၁၂၆၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၉၈** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။** ။ကော့ကပ်ကလေးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၉၈)အိမ်၊ လူဦးရေစုစုပေါင်း (၁၂၆၀)ဦးရှိပါသည်။ အမျိုးသားဦးရေ(၄၈) %၊ အမျိုးသမီးဦးရေ(၅၂) %ရှိသဖြင့် အမျိုးသားဦးရေ သည် အမျိုးသမီးဦးရေထက်(၄)%ပိုနည်းသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ် ကျောင်းသား/ ကျောင်းသူ(၂၀)%ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ) (၆၈)% ရှိပါသည်။ ထို့ကြောင့် လုပ်သားအင်အားများပြားပါသည်။ သက်ကြီးရွယ်အိုအရေအတွက် (၇)%ရှိပြီး အသက်(၈၀) နှစ်အထက် အသက်ရှည်သူများဖြစ်ကြပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၇၄၁.၉၆ | **သင့်** | **ရ** | **မြေအောက်ရေ/ချောင်းရေ** |
| **ယာမြေ** | | | | |
| **ဥယျာဉ်ခြံမြေ** | ၁၉.၁၂ | **သင့်** | **ရ** | **မြေအောက်ရေ/ချောင်းရေ** |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စားကျက်မြေ | ၁၁.၀၄ | သင့် | ရ | မြေအောက်ရေ/ချောင်းရေ |
| စုစုပေါင်း | ၇၇၂.၁၂ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊



မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကော့ကပ်ကလေးကျေးရွာ အတွင်းရှိလယ် အများစုမှာ အနိမ့်ကွင်းများဖြစ်ပြီး နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်ခြင်းကို ခံစားနေရကြောင်းလေ့လာ တွေ့ရှိရပါသည်။ကျေးရွာတွင် လယ်ကိုအဓိကထားလုပ်ကိုင်ကြပြီး လယ်မြေဧက(၇၄၁.၉၆ဧက) (၉၆)%၊ ခြံမြေဧက(၁၉.၁၂ဧက)(၂)%သာရှိပြီး လယ်မြေတွင် မိုးစပါး၊နွေစပါး၊မတ်ပဲတို့ကို စိုက်ပျိုးကြပါသည်။ ခြံမြေပေါ်တွင် ကွမ်းကိုအဓိကထား၍ တစ်ခြားရာသီပင်များလည်း စိုက်ပျိုးကြပါသည်။ မြေဆီမြေသြ ဇာမှာ သင့်တင့်ကောင်းမွန်မှုရှိပါသည်။ စိုက်ပျိုးရေကို မြေအောက်ရေ၊ ချောင်းရေ၊ မိုးရေတို့မှရရှိပြီး ရေလုံလောက်မှုရှိပါသည်။ ကျေးရွာတွင် နွားစားကျက်မြေဧက(၁၁.၀၄)ဧကရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လွယ် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကော့ကပ်ကလေးကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိသော်လည်း အလွယ်တကူဝယ်ယူအသုံးပြုနိုင်ပါသည်။ လူနှင့်တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များ ကျေးရွာမှ မထွက်ရှိပါ။ သာမန်တွေ့ရများ သောယေဘုယျအပင်များသာ တွေ့ရှိရပါသည်။



(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

